
# NEWSLETTER

Group HSE &
Sustainability and Corporate Communication Department

## DEFENSIVE DRIVING TRAINING




မြန်မာ့ဩဘာလုပ်ငန်းစုသည် အန္တရာယ်ကင်းရှင်းရေးကို အစဉ်အမြဲဦးစားပေးပြီး မူဝါဒများချမှတ်ကာ အလေးထားကျင့်သုံးလျက်ရှိပါတယ်။ ဝန်ထမ်းများ နှင့် လူ့အဖွဲ့အစည်းများ၏ ဘေးကင်းရေးကို ပထမဦးစားပေးအနေအဖြစ် သတ်မှတ်ထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် **Defensive Driving Training** သင်တန်းများကို ပြုလုပ်ခဲ့ပြီး လမ်းပေါ်တွင် လုံခြုံစွာ ခုခံမောင်းနှင်နိုင်ရေး နှင့် မတော်တဆမှုများကို နည်းနိုင်သမျှနည်းအောင် လျှော့ချနိုင်ရန် ကားနှင့် မော်တော်ဆိုင်ကယ် မောင်းနှင်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာတိုးမြှင့်ရန်အတွက် အသိပညာ နှင့် လက်တွေ့ကျကျ ကျွမ်းကျင်မှု အကဲဖြတ်ခြင်းများကို လုပ်ဆောင်ခဲ့ပြီး ဝန်ထမ်းများသည် လမ်းပေါ်တွင်လုံခြုံစွာ ခုခံမောင်းနှင်နိုင်ရေးအတွက် အသိပညာများနှင့် ကျွမ်းကျင်မှုများကို ရရှိနိုင်ခဲ့ပါသည်။ ယာဉ်မောင်းရာတွင် အန္တရာယ်ကင်းရှင်းစွာ ခုခံကာကွယ်မောင်းနှင်ခြင်း DDT သင်တန်းကို လက်ရှိတွင် (၈)ကြိမ်မြောက်တိုင်အောင် ယာဉ်မောင်းနှင်ရသော ဝန်ထမ်းစုစုပေါင်း ၂၃၉ ဦးအား ပို့ချပေးခဲ့ပြီးဖြစ်ပါသည်။ ဤလုပ်ဆောင်ချက်များသည် လမ်းပေါ်တွင်လည်း အန္တရာယ်ကင်းရှင်းရေးကို တည်ဆောက်ရန်အတွက် ကျွန်ုပ်တို့၏ ဆက်လက်လုပ်ဆောင်မှုတစ်ခုဖြစ်ပါသည်။

**Defensive Driving Techniques is not just a responsibility but a commitment.**

ယာဉ်မောင်းကောင်းတစ်ယောက်အနေနဲ့ မိမိဘေးကင်းလုံခြုံမှုအပြင် အခြားစီးနင်းသူများရဲ့ အသက်နဲ့ ခန္ဓာကိုယ်ကိုလည်း တာဝန်ယူမှုရှိစွာနဲ့ သတိပြုမောင်းနှင်ဖို့ လိုအပ်ပါတယ်။ မိမိလက်ထဲမှာ တစ်ဦးထက်မက ဘဝတွေရှိနေတယ်ဆိုတာကို အမြဲသတိထားပါ။